Myanmar Garment Manufacturers Association

# NEWSLETTER

November 2023, ISSUE

## 6th Belt and Road Textile Conference 2023 သို့ MGMA ဥက္ကဋ္ဌ တက်ရောက်










## 2023 Myanmar International Textile and Machinery Fair စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား

# မာတိကာ

## Activities and News **Page**


6th Belt and Road Textile Conference 2023 သို့ MGMA ဥက္ကဌ တက်ရောက် .............................. ၂

2023 Korea Asean Intellectual Property Cooperation Conference သို့ MGMA မှ အထွေထွေ အတွင်းရေးမှူး တက်ရောက် .............................................................................................. ၃

2023 Myanmar International Textile and Machinery Fair စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား.......... ၄-၅

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ .............................. ၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး .................................................................... ၇

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း ........................................ ၈

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၅) ......................................................... ၉

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ........ ၁၀-၁၁

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၆-၂၇) ........................................................................................................................ ၁၂-၁၃

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၈) ............................................................... ၁၄

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၉) ............................................................... ၁၅


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 28 | December 19 | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch - 230) | TBA | MGHRDC |
| 3. | AFTEX 50th Council Meeting and 48th Plenary Session | December 7– 8 | Lotte Hotel Yangon |
| 4. | Myanmar International Textile and Machinery Fair 2023 | December 8-9-10 | Inya Lake Hotel -YCC |

## Membership Update


New Member in November 2023 ……………………………………………………... ၁၆

Membership update as of November 2023 ………………………………………….. ၁၆

# ACTIVITIES & NEWS

## 6th Belt and Road Textile Conference 2023 သို့ MGMA ဥက္ကဋ္ဌ တက်ရောက်






တရုတ်နိုင်ငံတွင်ပြုလုပ်သည့် 6th Belt and Road Textile Conference 2023 သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် တို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညီလာခံကို CNTAC မှ ဦးစီးကာ နိုဝင်ဘာလ ၁ ရက်မှ ၄ ရက်ထိ တရုတ်နိုင်ငံ၊ Hangzhou City ရှိ Wyndham Shaoxing Keqiao Hotel ၌ပြုလုပ်ခဲ့သည်။

ညီလာခံတွင် အထည်ချုပ်လုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာအကူအညီများရရှိရေး၊ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ကာ အထည်ချုပ်လုပ်ငန်းတွင် အဆင့်မြင့်နည်းပညာများ ပံ့ပိုးပေးနိုင်ရန် အထည်ချုပ်လုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ASEAN Federation of Textile Industries (AFTEX) နှင့် China National Textile and Apparel Council (CNTAC) တို့ကြား သက်ဆိုင်ရာနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှာဖွေခြင်း၊ ကုန်စည်ပြပွဲများ၊ ပြပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများနှင့် အခြားသောလုပ်ငန်းဆောင်တာများတွင် ပါဝင်ခြင်း၊ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်း၊ အဖွဲ့ဝင်ကုမ္ပဏီများက ၎င်းတို့၏ လုပ်ငန်းအကျိုးစီးပွားအတွက် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုပေးခြင်း၊ ကုန်သွယ်မှု ပြပွဲများတွင် ပါဝင်ခြင်း အစရှိသည့် အချက်များပါဝင်သည့် နားလည်မှုစာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။




## 2023 Korea Asean Intellectual Property Cooperation Conference သို့ MGMA မှ အထွေထွေအတွင်းရေးမှူး တက်ရောက်



ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 2023 Korea Asean Intellectual Property Cooperation Conference သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) မှ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ၁၄ ရက်ထိ ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။


အစည်းအဝေးတွင် MGMA ၏ အထွေထွေအတွင်းရေးမှူး မှ Protection on Genetic Resources in Myanmar (Garment Sector) ခေါင်းစဉ်ကို ရှင်းလင်းပြောကြားခဲ့ပြီး Seoul declaration အား ကြေငြာစာဖတ်ကြားခဲ့သည်။ အဆိုပါ ညီလာခံအား ကိုရီးယားနှင့် အာဆီယံအကြား ဉာဏမူပိုင်ခွင့်ဆိုင်ရာ အဓိပ္ပာယ်ပြည့်ဝသော ပုဂ္ဂလိကဖလှယ်ရေး ပလက်ဖောင်းတစ်ခု ဖန်တီးရန်အတွက် ရည်ရွယ် ပြုလုပ်ခြင်းဖြစ်သည်။











# 2023 Myanmar International Textile and Machinery Fair

# စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား






2023 Myanmar International Textile and Machinery Fair သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် က UAB Tower 2, Times City ရှိ China Enterprises Chamber of Commerce in Myanmar (CECCM) ရုံးခန်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် CECCM ၏ ဒု-ဥက္ကဋ္ဌ Mr.Yao Feng Gang မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် CTGA ၏ ဥက္ကဋ္ဌ Mr.San Khun မှ 2023 Myanmar International Textile and Machinery Fair ကျင်းပပြုလုပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး JGMA ၏ အထွေထွေအတွင်းရေးမှူး Mr.Tadaki Kwaet နှင့် KOGAM မှ Mr.Justin Jeon တို့မှ ပြပွဲတွင် ပါဝင်ရသည့် အကြောင်းအရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။




မီဒီယာမှ တာဝန်ရှိသူများမှ မေးမြန်းလာသော မေးခွန်းများအား ပြန်လည်ဖြေကြားပေးခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ အခမ်းအနားသို့ MGMA ၏ အထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ stakeholder များနှင့် သက်ဆိုင်ရာ သတင်းမီဒီယာဌာနများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။








ZHEJIANG INTERNATIONAL
TRADE EXHIBITION MYANMAR





# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ




Japan Garment Manufacturers Association in Myanmar (JGMA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူ မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် တွင် Fu Yuan Ju Sichuan Restaurant. ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အထည်ချုပ်လုပ်ငန်းရှင်များအသင်း ၅ သင်းမှ AFTEX Meeting နှင့် Zhejiang International Trade Exhibition Myanmar များဖြင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်မီးနှင့်သက်ဆိုင်သည့် အချက်အလက်များ၊ စက်သုံးဆီနှင့် ဘဏ်များနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ စက်ရုံ၏ ကုန်ထုတ်စွမ်းအားနှင့် နှစ်စဉ်ရရှိသော အနိမ့်ဆုံးလုပ်ခလစာကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်းကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။

ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းများ ဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association (JGMA), Hong Kong Myanmar Manufacturers' Association Limited (HKMMA) နှင့် Chinese Textile & Garment Association in Myanmar (CTGA) တို့မှဥက္ကဋ္ဌများ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်က MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ဗီယက်နမ်နိုင်ငံတွင်ပြုလုပ်မည့် Trade Fair သို့ MGMA အသင်းဝင်များ Buyer Visit အနေဖြင့် သွားရောက်မည့် ကိစ္စရပ်များ၊ Messe Frankfurt မှဦးစီးကာ မတ်လတွင် ဗီယက်နမ်နှင့် USA တွင်ပြုလုပ်မည့် ပြပွဲဆိုင်ရာ ကိစ္စရပ်များ၊ President of Messe Frankfurt Mr. Frédéric Bougeard မြန်မာနိုင်ငံသို့လာရောက်မည့်ကိစ္စရပ်များ၊Networking Event ပြုလုပ်မည့်ကိစ္စရပ်များ၊ AFTEX 50th Council Meeting and 48th Plenary Session ပြုလုပ်မည့်ကိစ္စရပ်များ၊ Myanmar International Textile and Machinery Fair 2023 ပြုလုပ်မည့်ကိစ္စရပ်များ၊ AFTEX နှင့် CNTAC တို့လက်မှတ်ရေးထိုးမည့် MOU ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း

National Skill Standard Authority (NSSA)'s Garment Sewing Machine Operator Level 2 စစ်ဆေးခြင်းကို မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ MGHRDC Assessment Center တွင်ပြုလုပ်ခဲ့သည်။

NSSA accessor team မှ နိုဝင်ဘာလ ၂၈ ရက် နှင့် ၂၉ ရက်တွင် Jiangsu Soho (Myanmar) Garment Co.,Ltd တွင်လည်းကောင်း၊ Eslite Garment Co.,Ltd တွင် နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၃ ရက် တွင်လည်းကောင်း ဗဟုသုတဆိုင်ရာများနှင့် လက်တွေ့စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့သည်။ စစ်ဆေးရာတွင် Jiangsu Soho (Myanmar) Garment Co.,Ltd မှ သင်တန်းသား (၂၀) ဦးနှင့် Eslite Garment Co.,Ltd မှသင်တန်းသား (၂၃) ဦးအား Single Needle Machine နှင့် Special Machines (၉) မျိုး တို့နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ စစ်ဆေးခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကို ပြုလုပ်ပေးခြင်းဖြစ်သည်။





Eslite Garment Co.,Ltd





Jiangsu Soho (Myanmar) Garment Co.,Ltd

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၅)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာ စက်ချုပ်သင်တန်း (အမှတ်စဉ် - ၅) ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်မှ ၁၇ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ (သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါသည့် A Skirt တစ်ထည်လုံးချုပ်နည်းများကို သင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖေါက်စက် အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 5 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ သင်တန်းတွင် စာတွေ့အပြင် လက်တွေ့လုပ်ဆောင်မှုများပါကို သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား (၁၁) ဦးတက်ရောက်ခဲ့သည်။


Group Photo


Practice Session


Practice Session


Practice Session


Awarding Certificate


Awarding Certificate

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်မှ ၂၈ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

Jiangsu Soho (Myanmar) Garment Co.,Ltd ရှိ Operator Level ဝန်ထမ်း အယောက် (၁၀၀) အား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်းဖြစ်သည်။





















MYANMAR GARMENT
HUMAN RESOURCE DEVELOPMENT CENTER
မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း
လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ
Accredited Assessment Center
Myanmar Garment Human Resource Development Center
(MGHRDC)
No.(400/B), Lower Mingalardone Road, Singu Block,
Insein Township, Yangon Division.

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၆-၂၇)



Batch – 26 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၆-၂၇) ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နှင့် ၂၄ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။





Batch – 27 Group Photo

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေ တက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၄၈) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၈၀) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



Senior Labor Officer of MGMA
presenting Labor Law Awareness



Q & A and Discussion Session



Senior Labor Officer of MGMA
presenting Labor Law Awareness



Q & A and Discussion Session

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၈)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၈) ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၁၇ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းဆင်းပွဲတွင် ရွာမ GTHS ကျောင်းမှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၁၇) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။



Group Photo




Principle of GTHS (Ywarma) U Zayyar Aung gave closing remarks




MGMA conducting Labour Law Awareness




Trainer of MGHRDC giving training method



Giving Certificates



Giving Certificates

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၉)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၉) ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းဆင်းပွဲတွင် ရွာမ GTHS ကျောင်းမှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၃၃) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။



Batch – 229 Group Photo




Principle of GTHS (Ywarma) U Zayyar Aung gave closing remarks




Trainer of MGHRDC giving training method



Practice Session



Trainer of MGHRDC giving training method



Giving Certificates

# UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 28 | December 19 | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch - 230) | TBA | MGHRDC |
| 3. | AFTEX 50th Council Meeting and 48th Plenary Session | December 7 – 8 | Lotte Hotel Yangon |
| 4. | Myanmar International Textile and Machinery Fair 2023 | December 8-9-10 | Inya Lake Hotel -YCC |

# MEMBERSHIP UPDATE

New Members in November 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 3 |
| Total | 3 |

Membership Update as of November 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 59 |
| | China | 305 |
| | Korea | 54 |
| | Japan | 19 |
| | Others | 18 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 42 |
| Total (Active) | | 526 |
| Closed, Non - Active | | 298 |
| Grand Total | | 824 |